## ဘယ်သူတွေကပေးဆောင်ရန်တာဝန်ရှိတာလဲ??



အထူးကုန်စည်ကို-

- ပြည်တွင်းသို့တင်သွင်းခြင်းဖြစ်ပါက → တင်သွင်းသူ
- ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက → ထုတ်လုပ်သူ
- ပြည်ပသို့ တင်ပို့ခြင်းဖြစ်ပါက → တင်ပို့သူ
- အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ထားရှိခြင်းဖြစ်ပါက → လက်ဝယ်ထားရှိသူ

## ပျက်ကွက်မှုတွေအတွက် ပြစ်ဒဏ်တွေရှိသလား??

| စဉ် | ပျက်ကွက်မှုများ | ပြစ်ဒဏ်များ |
|---|---|---|
| (က) | မှတ်ပုံတင်ရန် ပျက်ကွက်ခြင်း | ဒဏ်ငွေကျပ် သိန်း ၅၀ |
| (ခ ) | တောင်းခံသည့် သတင်းအချက်အလက် တင်သွင်းရန် ပျက်ကွက်ခြင်း | ဒဏ်ငွေကျပ် သိန်း ၅၀ |
| (ဂ ) | အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို ရရှိပိုင်ဆိုင်ထားခြင်း | ကုန်စည်တန်ဖိုး၏ ၁၀၀% ဒဏ်ငွေ အပြင် ကုန်စည်ကို ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းခြင်း |
| (ဃ) | သတ်မှတ်ကာလအတွင်း အခွန် ပေးဆောင်ရန် ပျက်ကွက်ခြင်း | စည်းကြပ်မှုအရ ထပ်မံပေးဆောင် ရမည့် အခွန်၏ ၁၀ % |
| (င ) | သုံးလပတ်ကြေညာလွှာကို အချိန်မီ တင်သွင်းရန် ပျက်ကွက်ခြင်း | သက်ဆိုင်ရာ စည်းကြပ်မှုအရ ထပ်မံ ပေးဆောင်ရမည့် အခွန်၏ ၁၀ % |
| (စ ) | သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရန် ပျက်ကွက်ခြင်း | ထုတ်လုပ်သူက အထူးကုန်စည် တန်ဖိုး၏ ၅၀ % ဒဏ်ငွေ |
| (ဆ) | အခွန်လွတ်ကင်းစေရန် တိမ်းရှောင်ခြင်း/ အခွန်လျော့နည်းစေရန် အချက်အလက်များကို ထိမ်ချန်ခြင်း | တိမ်းရှောင်/ ထိမ်ချန်ခြင်းကြောင့် ပိုမိုကျသင့်သည့် အခွန်၏တစ်ဆ နှင့် ညီမျှသော ဒဏ်ငွေအပြင် တရားစွဲဆိုခြင်းခံရမည်။ |
| (ဇ ) | တရားစွဲဆိုခံရပြီး ခွင့်ပြုထားသည့် ကာလအတွင်း ထုတ်ဖော်ရန် ပျက်ကွက်ခြင်း/ တိမ်းရှောင်ထိမ်ချန် လျော့နည်း ထုတ်ဖော်ကြောင်း ပြစ်မှုထင်ရှား စီရင်ခံရခြင်း | သုံးနှစ်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ဒဏ်ငွေ ကျပ် ၁၀ သိန်း သို့မဟုတ် ထောင်ဒဏ်နှင့်ငွေဒဏ် နှစ်ရပ်လုံး |
| (ဈ) | လိမ်လည်လှည့်ဖြားလိုသော ရည်ရွယ်ချက်ဖြင့် မမှန်ကန်သော အထောက်အထားများတင်ပြခြင်း | ကျသင့်အခွန်၏ သုံးဆနှင့်ညီမျှသော ဒဏ်ငွေအပြင် တရားစွဲဆိုခြင်း ခံရမည်။ |
| (ည) | (ဈ) ကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် | သုံးနှစ်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ကျပ်သိန်း ၃၀ ထက်မပို သောငွေဒဏ် သို့မဟုတ် ထောင်ဒဏ် နှင့် ငွေဒဏ်နှစ်ရပ်လုံး |



## ဆုငွေချီးမြှင့်ခြင်း

ကျသင့်အခွန်ပေးဆောင်ထားခြင်းမရှိသည့် အထူးကုန်စည်ကို ဖမ်းဆီးရရှိပါက-

- တပ်ရိုက်၍ရရှိသည့် ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသည့် အဖွဲ့သို့ ဆုငွေအဖြစ် လည်းကောင်း
- ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအား ဆုငွေအဖြစ် ချီးမြှင့်ပါမည်။ သတင်းပေးသူ မည်သူမည်ဝါဖြစ်ကြောင်း အစိုးရကိစ္စမှတစ်ပါး လျှို့ဝှက်ထားပေးမည် ဖြစ်ပါသည်။






## ကျေးဇူးတင်လွှာ

- နိုင်ငံတော်အစိုးရသည် ကောက်ခံရရှိသည့် အခွန်အကောက်များဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းဖောက်ခြင်း၊ တံတားဆောက်ခြင်း၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့် လုပ်ငန်းများကို ဆောင်ရွက်နေပါသည်။
- ဥပဒေအရ ကျသင့်အခွန်များအား နိုင်ငံကြီးသားပီသစွာဖြင့် မှန်မှန်ကန်ကန်၊ ပြည့်ပြည့်ဝဝ ပေးဆောင်ကြပါရန် တိုက်တွန်းအပ်ပါသည်။
- အထူးကုန်စည်ခွန်ဥပဒေနှင့်အညီ အခွန်ပေးဆောင်ပေးကြပါသော လုပ်ငန်းရှင် (အခွန်ထမ်းများ) အား အထူးကျေးဇူးတင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန



အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးဌာနမှူးရုံး သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ် ၄၆၊ ပြည်တွင်း အခွန်များဦးစီးဌာန၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ် ၅၉/၆၁၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ် ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂၊ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး) ၆၅ လမ်း၊ ၂၂x၂၃ လမ်းကြား၊ ဖုန်းနံပါတ် ၀၂-၄၀၃၀၁၉၂သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.irdmyanmar.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေများကို download ရယူနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## ၂၀၁၈ - ၂၀၁၉ ခုနှစ်အတွက်
## အထူးကုန်စည်ခွန်ထမ်းဆောင်ရာတွင်
## သိရှိလိုက်နာဆောင်ရွက်ကြရမည့် အချက်များ




Internal Revenue Department
Office Building No.(46), Nay Pyi Taw
http://www.irdmyanmar.gov.mm